# Special Effects

## GRAPHIC DESIGNER များအတွက် Photoshop

နိုင်မောင်



Designed by Kyaw Swar Win

မဉ္ဇူမစာစဉ် (၁၀)

ခိုင်မောင်

# GRAPHIC DESIGNER များအတွက် Photoshop Special Effects

● ဖြန့်ချိရေး ●

မဉ္ဇူမစာပေ

အမှတ်(၂၃၇)၊ ၃၉-လမ်း(ပထမထပ်-ဝဲ) အပေါ်ဘလောက်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၃၉၂၀၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၀၄၃

# မာတိကာ


- ရှုခင်းနှစ်လွှာပေါင်းစပ်ခြင်း ............ 15
- Mouse ပေါ်က Plastic အရည်ပျော်ကျတဲ့ Effect တစ်ခု ဖန်တီးခြင်း....... 25
- Pop Art ပုံတစ်ပုံဖန်တီးခြင်း ............ 32
- ပုလင်းထဲတွင် လျှပ်စီးကြောင်းများကို ရေးဆွဲဖန်တီးခြင်း ............37
- Match Color အသုံးပြုနည်း ............48
- ကန့်ရေပြင်အရိပ် Effect ကိုဖန်တီးခြင်း ............55
- စိတ်လှုပ်ရှားစရာကောင်းတဲ့ Abstact Wallpaper တစ်ခု ဖန်တီးခြင်း ........61
- အရောင်အသွေးတွေနဲ့ ပိုစတာတစ်ခုကို ဆန်းသစ်ဖန်တီးခြင်း ............68
- စာသားပေါ်နွယ်တက်နေတဲ့ Brush နဲ့ Text Style တစ်ခု ဖန်တီးခြင်း .......77
- ကြွေရှင်းသပ်ရပ်သော Text Effect တစ်ခုကို ဖန်တီးခြင်း ............90
- Black and White Photo ပုံကို
  Color Photo (RGB) ဖြစ်သွားအောင်ပြုလုပ်နည်း ............102
- အရောင်နဲ့ပုံကို အဖြူအမည်းပုံ အနည်းငယ်ဖြည့်စွက်၍
  ဒီဇိုင်းတစ်ခုအဖြစ် ဖန်တီးခြင်း ............108
- ဖန်ကဲ့သို့ဖောက်ထွင်းမြင်နိုင်သော Music Shape များ ............117

# အမှာစာ

ဒီဇိုင်းဆိုတဲ့စကားလုံးဟာ ဒီနေ့ခေတ်လူငယ်တော်တော်များများရဲ့ ပါးစပ်ထဲမှာ ရေပန်းစားနေပါတယ်။ ဂရိဘာသာစကားက ဆင်းသက်လာတဲ့ ဒီဝေါဟာရလေးဟာ စီမံဖန်တီးခြင်းလို့အဓိပ္ပာယ်ရပါတယ်။ ပြင်သစ်က ဒေဆင်းလို့ခေါ်ပြီး အင်္ဂလိပ်က ဒီဇိုင်းလို့ခေါ်ကြပါတယ်။ ဒီဇိုင်းရေးဆွဲဖန်တီးသူ Designer တစ်ယောက်ဟာ မိမိဖန်တီးထားတဲ့ ဒီဇိုင်းကို လူအများက လက်ခံဖို့နဲ့ မိမိကြော်ငြာတဲ့ ကုန်ပစ္စည်း စသည်တို့အောင်မြင်ဖို့ရာ မိမိတတ်ကျွမ်းတဲ့ ဒီဇိုင်းပညာကို Design Softwere တွေဖြစ်တဲ့ Photoshop, Corel Draw, Illustrator Software အစရှိတာတွေနဲ့ လူအများ လက်ခံ စိတ်ဝင်စားလာအောင် ဖန်တီးပေးရပါတယ်။

**Graphic Designer** များအတွက် **Photoshop Special Effects** စာအုပ်လေးဟာ Photoshop Software တစ်ခုထဲမှာပါတဲ့ Effect အမျိုးမျိုးအသုံးပြုပြီး ရေးဆွဲထားတာကို ရှင်းလင်းပြသပေးမှာဖြစ်ပါတယ်။

Adobe Photoshop Software ဟာဂျာနယ်၊ မဂ္ဂဇင်း၊ မျက်နှာဖုံးများနဲ့ နံရံကပ်ပိုစတာ၊ ကြော်ငြာကုန် ပစ္စည်းဒီဇိုင်း၊ ပြပွဲအခင်းအကျင်း၊ Billboard တွေနဲ့ ပုံနှိပ်ထုတ်ဝေတဲ့ ထုတ်ဝေရေးလောကမှာ အသုံးအဝင်ဆုံး Image-editing Software တစ်ခုပဲ ဖြစ်ပါတယ်။ လူတွေကို မျက်စိပသာဒဖြစ်စေရာ၊ စိတ်ကြည်နူးလန်းဆန်းဖို့နဲ့ ဖတ်စရာသတင်း

အချက်အလက်တွေကိုလည်း ဖန်တီးနိုင်တဲ့ Software တစ်ခုလည်း ဖြစ်ပါတယ်။

ဒီစာအုပ်လေးကတော့ Photoshop အကြောင်းကို အတော်အသင့်သိပြီး ပုံနှိပ်လုပ်ငန်း အသီးသီးအတွက် ဒီဇိုင်းလိုအပ်ချက်တွေကို ဖြည့်ဆည်းလုပ်ဆောင်ပေးနေကြတဲ့ (Graphic Designer) တွေအတွက်ရော၊ ဒီဇိုင်းပညာကို စတင် လေ့လာနေကြတဲ့ သင်တန်းသားတွေ၊ ကိုယ်ပိုင် ဒီဇိုင်းဖန်တီးရေးဆွဲချင်သူတွေအတွက် အသေးစိတ် တိတိကျကျ ရှင်းလင်းပြထားတဲ့ စာအုပ်ဖြစ်ပါတယ်။

ဒီ **Graphic Designer** များအတွက် **Photoshop Special Effects** စာအုပ်ထဲမှာပါတဲ့ လေ့ကျင့်ခန်းတွေကို အစအဆုံးအထိ တိတိကျကျလိုက်လုပ်မယ်ဆိုရင် အခက်အခဲမရှိ ဖန်တီးလို့ရမှာပါ။ Layer Style အားလုံးနီးပါးကိုလည်း အခန်းတိုင်းလိုလို အသုံးပြုပြထားပါတယ်။

ဒ့ါအပြင် Color Balance/ Match Color/ Color Mode တွေ အမျိုးမျိုး ပြောင်းသုံးပြီး အရောင်ရဲ့ စွဲဆောင်မှုရှိခြင်းတွေကိုလည်း ပြောင်းလဲဖန်တီးထားတာကို တွေ့ရမှာပါ။ Text Effect အမျိုးမျိုးတွေကိုလည်း ဖန်တီးပြသထားပါတယ်။ အရောင်ရှိတဲ့ပုံကို အဖြူအမည်းအနည်းငယ်ဖြည့်စွက်ခြင်း၊ အဖြူအမည်းပုံကိုအရောင်အနည်းငယ် ဖြည့်စွက်ခြင်းတွေနဲ့ အပြန်အလှန်အသုံးပြုပြီး ပုံတစ်ပုံရဲ့ ခံစားမှုရသ ပြောင်းလဲသွားအောင်လည်း ဖန်တီးနိုင်ရန် ဖော်ပြပေးထားပါတယ်။ ဒီစာအုပ်လေးမှာ အခန်းပေါင်း (၁၃) ခန်းပါဝင်ပြီး ပြည့်စုံရှင်းလင်းတဲ့အတွက် Graphic Design ကို သင်ကြားပြသပေးနေတဲ့ သင်တန်းဆရာတွေအတွက်လည်း သင်တန်းလက်စွဲအဖြစ် စေတနာအဓိကထား ရေးသားထားတဲ့အတွက် တစ်ဖက်တလမ်းက အထောက်အကူဖြစ်မယ်လို့ ယုံကြည်မိပါတယ်။

နိုင်မောင်

## ဒီစာအုပ်မှာ အများဆုံးသုံးထားတဲ့ Tool အချို့ကို တင်ပြထားပါတယ်။



### Marquee Tools

Marquee Tool များသည် စတုရန်းနှင့် ထောင့်မှန်စတုဂံပုံ၊ စက်ဝိုင်းနှင့်ဘဲဥပုံ၊ အလျားနှင့် ထောင်လိုက်မျဉ်းပုံတို့ကို ပြုလုပ်ပေးနိုင်သည်။



### Move Tools

Move Tool သည် Selection Object များ၊ Layer များ၊ Guide များကို လိုသလို ရွှေ့ပေးနိုင်ပါသည်။



### Lasso Tools

Lasso Tool များသည် Freehand Selection (လက်တန်းမျဉ်းကြောင်းပုံ Selection ), Magnetic Selection (Click ချတာနဲ့ Boder Edge သို့ ပြေးကပ်သည့် Selection ) တို့ကို လုပ်ပေးနိုင်သည်။



### Magic Wand Tools

Magic Wand Tool သည် Color Range ဆင်တူသည့် Color Area များကို Select ပြုလုပ်ပေးပါသည်။




**Crop Tool**

Crop Tool သည် Graphic Image များမှ လိုချင်သည့်အပိုင်းကို Image အသစ်ဖြစ်အောင် ဖြတ်ထုတ်ပေးပါသည်။



**Slice Tool**

Slice Tool သည် Graphic Image များမှ လိုချင်သည့်အပိုင်းကို လှီးထုတ်ယူနိုင်ပါသည်။




**Healing Brush Tool**

Healing Brush Tool သည် Image ပေါ်မှအနာအဆာများကို ပျောက်သွားအောင် Image Sample (သို့) Pattern တစ်ခုနှင့် Print ပြုလုပ်ပေးသည်။



**Patch Tool**

Patch Tool သည် Image ပေါ်မှ Selected အနာအဆာနေရာတစ်ခုကို Image Sample (သို့) Pattern တစ်ခုနှင့် ပြင်ပေးနိုင်ပါသည်။



**Brush Tool**

Brush Tool သည် စုတ်တံနှင့် ဆွဲသည့် Brush Stroke ပုံစံမျိုး ဆွဲပေးနိုင်ပါသည်။

## Pencil Tool



Pencil Tool သည် (Hard-Edge) ကျစ်လစ်သည့် အနားပုံစံ ဆွဲချက်မျိုးကို ဆွဲပေးနိုင်ပါသည်။

## Clone Stamp Tool



Clone Stamp Tool သည် Graphic Image တစ်ခု၏ နမူနာပုံစံမျိုး ဆွဲပေးနိုင်ပါသည်။

## Pattern Stamp Tool



Pattern Stamp Tool သည် Graphic Image တစ်ခု၏ အပိုင်းတစ်ပိုင်းကို အသုံးပြုပြီး Pattern ပုံစံတစ်ခုဖြစ်အောင် Paint လုပ်ပေးသည်။

## History Brush Tool



History Brush Tool သည် Current Image Window တစ်ခုထဲမှ Snap-Shot တစ်ခု(သို့) အခြားတစ်ခုက ပုံကို ကော်ပီပြန်ပွားပေးပါသည်။

## Magic Eraser Tool



Magic Eraser Tool သည် Solid-Colored Area တစ်ခုကို Transparent ဖြစ်အောင် Click တစ်ချက်နှိပ်ရုံနှင့် ဖျက်ပေးနိုင်ပါသည်။




**Eraser Tool**

Eraser Tool သည် Image ပေါ်မှ Pixels တချို့ကို ဖျက်ပေးပြီး ကျန်သည့် အပိုင်းကို မူလ Save လုပ်ထားသည့်အတိုင်း ထားပေးပါသည်။



**Background Eraser Tool**

Background Eraser Tool သည် Background Area ကို Transparent ဖြစ်အောင် ပြောင်းပေးနိုင်ပါသည်။



**Gradient Tool**

Gradient Tool သည် Straight Line, Radial, Reflected, Color Blend များကို Foreground Color နှင့် Create လုပ်ပေးနိုင်ပါသည်။



**Paint Bucket Tool**

Painr Bucket Tool သည် Color Range ဆင်တူသည့် Color Area များကို Foreground Color နှင့် Fill လုပ်ပေးနိုင်ပါသည်။



**Blur Tool**

Blur Tool သည် Graphic Image တစ်ခုထဲမှ Hand Edge များကို မှုန်ဝါးဝါးဖြစ်အောင် လုပ်ပေးပါသည်။



## Sharpen Tool
Sharpen Tool သည် Graphic Image တစ်ခုထဲမှ Soft Edge များကို ထင်ရှားလာအောင် လုပ်ပေးနိုင်ပါသည်။



## Smudge Tool
Smudge Tool သည် Image ထဲမှ Pixel Data များကို ပူးမွှေပေးပါသည်။




## Dodge Tool
Dodge Tool သည် Image Area ပေါ်မှာ အလင်းရောင်တက်လာအောင် လုပ်ပေးနိုင်ပါသည်။



## Burn Tool
Burn Tool သည် Graphic Image တစ်ခုထဲမှ ကြိုက်သည့်အပိုင်းကို အရောင် မှောင်သွားအောင် လုပ်ပေးနိုင်ပါသည်။



## Sponge Tool
Sponge Tool သည် Graphic Image တစ်ခု၏ Color Saturation ကို ပြောင်းပေးနိုင်ပါသည်။




**Path Selection Tool**

Path Selection Tool သည် Vector Drawing တစ်ခုဖြစ်သည့် Shape (သို့) Segment များကို Anchor Point များနှင့်အတူ Selection လုပ်ပေးပါသည်။




**Type Tool**

Type Tool သည် Graphic Image ပေါ်တွင် စာရိုက်လို့ရအောင် ကူညီပေးပါသည်။



**Type Mask Tool**

Type Mask Tool သည် Type တစ်ခု၏ Shape အတိုင်း Selection လုပ်ပေးနိုင်ပါသည်။



**Pen Tool**

Pen Tool သည် ချောမွတ်သည့် Smooth-Edged Path များကို ဆွဲနိုင်ပါသည်။



**Custom Shpae Tool**

Custom Shape Tool သည် Custom Shape List ထဲမှ Select လုပ်ထားသည့် Customized Shape များကို Create လုပ်ပေးနိုင်ပါသည်။

## Annotation Tool

Annotation Tool သည် မိမိရေးသည့်စာ(သို့) အသံတစ်ခုကို Graphic Image တစ်ခုထဲတွင် Attach လုပ်ပေးရန် အသုံးပြုပါသည်။



## Eyedropper Tool

Eyedropper Tool သည် Graphic Image တစ်ခု၏ ကြိုက်သည့်နေရာမှအရောင်တစ်ခုကို ထောက်ယူပြီး Foreground Color အဖြစ် ယူပေးနိုင်ပါသည်။



## Measure Tool

Measure Tool သည် အမှတ်နှစ်ခုကြားမှ အကွာအဝေး၊ အမှတ်တည်နေရာ၏ အရပ်အညွှန်းများကို တိုင်းတာပေးပါသည်။



## Hand Tool

Hand Tool သည် Window ထဲမှ Image အပိုင်းတစ်ခုကို Drag ဆွဲပေးခြင်းဖြင့် Image View အမျိုးမျိုးကို ကြည့်နိုင်ပါသည်။




## Zoom Tool

Zoom Tool သည် Graphic Image တစ်ခု၏ View တစ်ခုကို ပုံကြီးချဲ့ခြင်း(သို့) ပုံကို သေးအောင်ချုံ့ခြင်းအတွက် အသုံးပြုပါသည်။



# ရှုခင်းနှစ်လွှာ ပေါင်းစပ်ခြင်း



Combination ဆိုတဲ့ ပေါင်းစပ်ခြင်းဟာ နှစ်လွှာနှစ်ထပ် ပြုလုပ်ခြင်းတွေမှာ အရမ်းအသုံးဝင်ပါတယ်။ သာမန်အမြင်သာရှိတဲ့ ပန်းချီကားချပ်တစ်ခု ရှုခင်းတစ်ခုလို အသက်ဝင်လာအောင် စာရွက်ကိုဆွဲလှန်သလို လှန်လိုက်မယ်ဆိုရင် ရှုခင်းပုံက မျက်စိ ပသာဒပိုရှိသွားမှာပါ။

*Step-1*

Folder ထဲမှ s_k_1 photo ကို ဖွင့်ပါ။




*Step-2*

Background layer ကို layer>New>Layer via Copy (Ctrl+J) နဲ့ပွားယူပါ။ ပြီးရင် Step(1) Background layer ဘေးမှ Indicates layer visibility လို့ခေါ်တဲ့ မျက်လုံးလေးကို Click တစ်ချက်နှိပ်ပြီး ပိတ်လိုက်ပါ။ Layer 1 ကို Ctrl+J နဲ့ပွားပါ။ ရရှိလာတဲ့ Layer 1 Copy ရဲ့ Blending mode ကို ပုံရဲ့ saturation ကိုတိုးစေရန် Color burn ကိုပြောင်းပါ။




*Step-3*

Layer 1 Copy ကို Ctrl+J နဲ့ထပ်ပြီးပွားယူပါ။ ရရှိလာတဲ့ Layer 1 Copy 2 ရဲ့ Blending mode ကို screen mode ပြောင်းလိုက်ပါ။ ထိုအခါ Layer 1 Copy 2 သည် Layer အားလုံးရဲ့ အပေါ်တွင် ရှိရမည်။




*Step(4)*

Layer တွေကိုပေါင်းသွားစေရန် Layer ထဲက Merge Visible (Ctrl+Shift+E) ကိုနှိပ်ပါ။ ပေါင်းပြီးရင် Image>Adjustments>Color Balance ကိုနှိပ်ပါ။ Midtone, Preserve Luminosity တို့ကိုရွေးပြီး Color Levels: +41, -16, -32 တို့ကို သတ်မှတ်ပေးပါ။



*Step(5)*


Ctrl+J နဲ့ထပ်ပြီးပွားယူပါ။ ထိုပွားထားသော Layer 1 Copy 3 ကို Image> Adjustments>Brightness/Contrast ကိုရွေးပြီး Brightness:40, Contrast: 80 သတ်မှတ်ပေးပါ။






*Step(6)*

Layer 1 Copy 3 ရဲ့ Blending mode ကို Saturation လုပ်ပါ။



*Step(7)*

အခုအချိန်မှာဆိုရင် Layer box ထဲမှာ Layer (3) ခုရှိနေပါပြီ။ Background layer ကတော့မူလအတိုင်းပဲ ရှိနေပါသေးတယ်။ အပေါ်က Layer တွေကတော့ အရမ်းကို bright color တွေဖြစ်နေပါပြီ။ ပိတ်ထားတဲ့ Background layer ဘေးက မျက်လုံးလေးကိုဖွင့်ပြီး Background layer ကိုရွေးချယ်ပါ။


Layer>New>Layer From background ကိုနှိပ်ပါ။ ထို့နောက် OK ကိုနှိပ်ပြီး Layer 0 ဖြစ်သွားတဲ့ Background layer ကို layer အားလုံးရဲ့အပေါ်ကို (Ctrl+Shift+J) နှိပ်ပြီးရွှေ့ပါ။ ထိုအခါ layer 0 က အားလုံးရဲ့အပေါ်ကို ရောက်သွားပါလိမ့်မယ်။



*Step(8)*

layer 0 ကို Image>Adjustments>Hue/Saturation ကို ရွေးပြီး ဖော်ပြထားတဲ့ အတိုင်း သတ်မှတ်ပါ။


Hue/Saturation Box ထဲတွင် Hue:0, Saturation:-50, Lightness:-20 ပြုလုပ်ပါ။







*Step(9)*

Retangular Marquee Tool ကို အသုံးပြုပြီး ရှခင်းပုံရဲ့ ဘယ်ဘက်ခြမ်းကို Select ပေးပါ။




*Step(10)*

Select ပေးထားတဲ့ area ကို Edit>Transform>Wrap ကိုနှိပ်ပါ။



*Step(11)*

ပုံမှာပြထားတဲ့အတိုင်း အပေါ်ခြမ်းကနေအောက်ဘက်ကို လိုသလိုဆွဲချပြီး Wrap လုပ်လိုက်ပါမယ်။



*Step(12)*

Retangular Marquee Tool ကိုအသုံးပြုပြီး ရှခင်းပုံရဲ့ ညာဘက်ခြမ်းကို Select ပေးပါ။



**Step(13)**

Select ပေးထားတဲ့ area ကို Edit>Transform>Wrap ကို နှိပ်ပါ။
ရှခင်းပုံရဲ့ ဘယ်ဘက်ခြမ်းကို ပြုလုပ်ခဲ့သလိုပဲ အပေါ်ခြမ်းကနေ အောက်ဘက်ကို လိုသလို ဆွဲချပြီး Wrap လုပ်ပေးပါ။



**Step(14)**

ပိုပြီးပြည့်စုံသွားစေချင်ရင်တော့ ရှုခင်းပုံရဲ့အောက်ဘက်ထောင့်လေးတွေမှာ Shade ထည့်လိုက်ရင် ကြည့်ကောင်းသွားမှာပါ။



Layer>New >Layer (Shift+Ctrl+N) ကိုနှိပ်ပါ။ OK နှိပ်ပြီး Tool Bar မှ Brush ကိုရွေးပါ။ Brush size ကိုတော့ 80 ထားပြီး အနားဖွာတဲ့ Brush တစ်ခုခုကိုရွေးလိုက်ပါ။ Opacity ကို 50% ထားပြီး Brush color ကိုအနက်ရောင်နဲ့ ပုံရဲ့ အောက်မှအပေါ်ဘက်အနားထောင့်လေးတွေဆီကို လိုက်ပွတ်ပေးလိုက်မယ်ဆိုရင် ပိုပြီး သရုပ်ပီပြင်လာမှာဖြစ်ပါတယ်။ မြားပြထားတဲ့အတိုင်း ထပ်မံပွတ်ဆွဲလိုက်ပါဦး။



*Step(15)*

အခုဆိုရင်တော့ ရှခင်းပုံတစ်ခုထဲကို ရှခင်းနှစ်ခုပေါင်းစပ်ဖန်တီးထားသလို လှပ သေသပ်စွာမြင်တွေ့ရမှာပါ။



# MOUSE ပေါ်က PLASTIC အရည်ပျော်ကျတဲ့ EFFECT တစ်ခုဖန်တီးခြင်း



ကော်ကို မီးရှို့လိုက်တဲ့အခါ ပူပြီးအရည်ပျော်ကျလာပါတယ်။ ဒီလေ့ကျင့်ခန်းထဲမှာ Mouse လေးက ပူလာပြီးအရည်ပျော်ကျလာတဲ့ Effect တစ်ခုကို ဖန်တီးပြသထားခြင်းပဲ ဖြစ်ပါတယ်။


*Step(1)*

File>Open နဲ့ m_o_u_1 photo ကို ဖွင့်ပါ။ Layer Box ထဲက Background Layer အပေါ်ကို click ၂ ချက် နှိပ်ပြီး layer အမည်ကို mouse လို့ပြောင်းလိုက်ပါ။




*Step(2)*

Tool box ထဲက eye dropper tool(I) ကိုနှိပ်ပြီး color sample ယူဖို့ Mouse layer အောက်ခြေနားက color ကို နှိပ်ပါ။



*Step(3)*

Pen Tool (Shape layer mode) ကိုရွေးပါ။ Mouse ရဲ့အောက်ခြေအနားလေးတွေမှာ Plastic ယိုစီးကျနေတဲ့ပုံလုပ်ဖို့ ပုံမှာပြထားတဲ့အတိုင်းနှိပ်ပြီး ဆွဲပါ။ အဲဒီအခါ Step-2 မှာ eye dropper tool နဲ့ ကိုယ်ရွေးထားတဲ့အရောင် ဖြည့်သွားတာကိုတွေ့ရမှာပါ။



*Step(4)*

Layer>Rasterize>Shape ကိုနှိပ်ပါ။ ထို့နောက် Tool box ထဲက burn tool ကိုရွေးပါ။ (Brush: 20px, Range: Highlights, Exposure:40%) သတ်မှတ်ပြီး Shape Layer ရဲ့အောက်ခြေနားလေးတွေကို အနည်းငယ်ပိုမှောင်လာအောင် ပွတ်ဆွဲပေးပါ။




*Step(5)*

ပြီးနောက် Tool box ထဲက Dodge tool ကို ရွေးပြီး (Brush:25px, Range: Midtones, Exposure: 35%) ကို သတ်မှတ်ပြီး ပုံရဲ့အောက်ခြေကို အလင်းရောင်တက်လာအောင် ပွတ်ဆွဲပါ။




*Step(6)*

Layer>Layer Style>Drop Shadow ကိုရွေးပြီး ပုံမှာပြထားတဲ့အတိုင်းသတ်မှတ်ပါ။




ထို့နောက် Layer>Layer Style>Inner Shadow ကိုရွေးပြီး ပြုလုပ်ပေးပါဦး။



Layer Style တွေပြုလုပ်ပြီးပြီဆိုရင်တော့ အခုမြင်ရတဲ့ effect လုပ်ထားတဲ့ပုံလေးကို ရရှိမှာဖြစ်ပါတယ်။



*Step(7)*

Tool box ထဲက Eraser Tool(E) ကိုနှိပ်ပြီး (Soft round brush 50 pixels) ကိုရွေးပါ။ Eraser Tool(E) နဲ့ Mouse Layer နဲ့ Shape layer ကြားမလိုအပ်တဲ့ အပိုင်းလေးတွေကို Eraser Tools(E) လေးနဲ့ ပွတ်ဆွဲပြီး ဖျက်ထုတ်လိုက်ရပါမယ်။



*Step(8)*

Tool box ထဲက Dodge tool ကိုရွေးပြီး (Brush:60px, Range: Midtones, Exposure: 10%) သတ်မှတ်ပြီး Shape Layer ပေါ်တွင် အပေါ်မှအောက်သို့ ဖိဆွဲပါ။




*Step(9)*

Select>Load Selection ကိုရွေးပြီး Shape Layer ကို Selection ပေးပါ။ Selction ထဲကို color အနက်ရောင်ဖြည့်ပါ။



*Step(10)*

Selection ကိုဖြုတ်ရန် Ctrl+D ကိုနှိပ်ပါ။ Filter>Noise> Add Noise ကိုနှိပ်ပြီး (Amount: 4.7, Gaussian, Monochromatic) ကို ရွေးချယ်သတ်မှတ်ပါ။



*Step(11)*

Layer Box(F7) ထဲက Blending Mode ကို Screen ကိုပြောင်းလိုက်တဲ့အခါ စိတ်ဝင်စားစရာကောင်းပြီးစွဲဆောင်မှုရှိတဲ့ Mouse ပေါ်က Plastic အရည်ပျော်ကျတဲ့ Effect တစ်ခုရရှိမှာဖြစ်ပါတယ်။





# POP ART ပုံတစ်ပုံ ဖန်တီးခြင်း



Pop Art ဖန်တီးခြင်းတွေကတော့ လူတွေရဲ့အမြင်ကို ပိုပြီးစိတ်ဝင်စားလာအောင် တစ်မျိုးပြောင်းလဲလိုက်ခြင်းပါ။ နိုင်ငံခြားစာအုပ်မျက်နှာဖုံးတွေနဲ့ ပိုစတာတွေမှာ အတော်ကိုပြုလုပ်ဖန်တီးကြပါတယ်။


*Step(1)*

File>Open နဲ့ b_a_b_1 photo ကို ဖွင့်လိုက်ပါ။



*Step(2)*

Layer>Duplicate Layer(Ctrl+J) ကိုနှိပ်ပြီး ပုံကိုပွားယူပါ။ Blending Mode ကို Luminosity ကိုပြောင်းလိုက်ပါ။





*Step(3)*

အပေါ်ဆုံးက Layer ကိုရွေးပြီး Image>Adjustments>Invert(Ctrl+I) ကိုနှိပ်လိုက်ပါ။

*Step(4)*

Layer Box ထဲမှာ (Opacity 50%) ပြောင်းလိုက်ပါ။ ဒါမှမဟုတ် (Number key 50 ကို တန်းရိုက်လို့လည်း ရပါတယ်။)





*Step(5)*

Ctrl+Shift+Alt+E ကိုနှိပ်ပြီး Layer အသစ်တစ်ခုဖန်တီးလိုက်ပါ။ Background copy လို့နာမည်ပေးလိုက်ပါ။ Layer 1 ကိုတော့ Delete နှိပ်ပြီး ဖျက်လိုက်ပါ။

*Step(6)*

ထို့နောက် Background Layer ကိုရွေးပြီး Layer>Duplicate Layer(Ctrl+J) ကိုနှိပ်ပြီး Layer ကိုပွားယူလိုက်ပါ။ ပွားထားတဲ့ Background copy 2 လို့နာမည်ပေးပြီး Layer တွေရဲ့အပေါ်ဆုံးကိုရွှေ့လိုက်ပါ။



*Step(7)*

Layer Box ထဲက Blending Mode ကို Multiply ပြောင်းလိုက်ပါ။

*Step(8)*


Image>Adjustments>Threshold ကိုနှိပ်လိုက်ပါ။ Slider ကိုဘယ်ဘက်ဖိဆွဲလိုက်ပြီး Threshold Level ကို 128 ရအောင်ပြောင်းလိုက်ပါ။



*Step(9)*

နောက်ဆုံးမှာတော့ Pop Art ကိုဖန်တီးဖို့အတွက် Saturation ကိုတိုးပေးဖို့လိုနေပါပြီ။ ဒါကြောင့် Layer သုံးခုထဲကအလယ်က Layer ကို ရွေးလိုက်ပါ။

Image>Adjustments>Hue/Saturation(Ctrl+U) ကိုနှိပ်ပြီး Saturation ကို 95 ပြောင်းလိုက်ပါ။



ဒါဆိုရင်တော့ မိမိဖန်တီးချင်တဲ့ အရမ်းကောင်းတဲ့ Pop Art တစ်ခုကိုရပြီပေါ့။



# ပုလင်းထဲတွင် လျှပ်စီးကြောင်းများကို ရေးဆွဲ ဖန်တီးခြင်း



လျှပ်စီးကြောင်းတွေ ပုံသဏ္ဍာန်အမျိုးမျိုးရှိကြတဲ့အထဲမှာ ကောင်းကင်မှာပဲမြင်ဖူးကြမှာပါ။ ဒီဖန်တီးမှုလေးကတော့ ကောင်းကင်မှာလက်တဲ့ လျှပ်စီးကြောင်းလေးကို ပုလင်းထဲမှာ လျှပ်စီးကြောင်းလက်အောင် Different Cloud, Level တို့ကို သုံးပြီး ပြောင်းလဲ ရေးဆွဲထားတာပါ။ ပုလင်းထဲမှာတင်မဟုတ်ပါဘူး။ မိမိဖန်တီးချင်တဲ့ အရာဝတ္ထုတိုင်းပေါ်မှာ လျှပ်စီးကြောင်းလက်လို့ရပါပြီ။ ဖန်တီးကြည့်လိုက်ပါဦး။


*Step(1)*

File Open ထဲက p_a_l_1 photo ကို ဖွင့်ပါ။




*Step(2)*

Tool Box ထဲက Pen Tool(P) ကိုရွေးပြီး ပုလင်းပုံရဲ့အောက်ခြေမှာထွက်နေတဲ့ ပုလင်း Shape ကို Selection ပေးပါ။



*Step(3)*

Selection area ကို Ctrl+J နဲ့ ပွားယူပါ။



ပွားယူထားတဲ့ Layer ကို Image>Adjustments>Hue/Saturation ကိုနှိပ်ပြီး Hue:238, Satruation:27, Lightress:0, colorize ပုံပါအတိုင်းသတ်မှတ်ပါ။



Selection area ကို Select>Deselect(Ctrl+D) နဲ့ပြန်ဖျောက်ပါ။



*Step(4)*

ပုလင်းပုံကို ဘေးကအရောင်လေးတွေ ထွက်ချင်တဲ့အတွက် ပုလင်းကို Pen Tool နဲ့ Select ပေးလိုက်ပါဦး။



*Step(5)*

Selection area ကို အပြာရောင် #383cc6 ကာလာနဲ့ ဖြည့်ပါ။




*Step(6)*

Selection ကို Layer>Duplicate Layer (Ctrl+J) နှိပ်ပြီး ပွားလိုက်ပါ။ ထို့နောက် Filter>Blur>Gaussian Blur နှိပ်ပြီး Radius: 5.1 ကိုသတ်မှတ်ပေးပါ။



*Step(7)*

Bottle ပုံကို အောက်မှာမြင်ရတဲ့အတိုင်းတွေ့မှာဖြစ်ပါတယ်။




*Step(8)*

ဘေးနားက Blur ဖြစ်နေတဲ့အပိုင်းကိုပဲလိုချင်တဲ့အတွက် Select>Load Selection ကိုရွေးလိုက်ပါ။ Selection area ကို Delete နှိပ်ပြီးဖျက်လိုက်ပါ။




*Step(9)*

ပုလင်းပုံထဲကို လျှပ်စီးကြောင်းလေးတွေ ထည့်ဖို့အချိန်ကျရောက်လာပါပြီ။ Layer>New Layer ကိုနှိပ်ပြီး Layer အသစ်တစ်ခုပြုလုပ်ပါ။





Tool Box ထဲက Rectangular Marquee Tool(M) ကို ရွေးပြီး ပုံပါအတိုင်း Selection တစ်ခုပြုလုပ်ပါ။



*Step(10)*


D ကိုနှိပ်ပြီး Foreground နဲ့ Background colors တွေကို Black နဲ့ White ဖြစ်လာပါမယ်။ Tool Box ထဲက Gradient Tool(G) ကိုနှိပ်ပြီး Gradient ကို Black and White ကိုရွေးပြီး Selection ထဲတွင် ဘယ်မှညာသို့ဖိဆွဲပါ။



*Step(11)*

လျှပ်စီးကြောင်းဖြစ်ပေါ်ဖို့အတွက် Filter>Render>Difference Clouds ကိုနှိပ်ပါ။




Selection ကို Select>Deselect (Ctrl+D) နဲ့ Selection ပြန်ဖြုတ်လိုက်ပြီး Image> Adjustments>Invert ကိုနှိပ်လိုက်ပါ။




*Step(12)*

Image>Adjustments>Levels(Ctrl+L) ကိုနှိပ်ပြီး Level Box ပေါ်လာရင် ပုံပါအတိုင်းသတ်မှတ်လိုက်ပါ။




Image>Adjustments> Hue/Saturation(Ctrl+U) ကို နှိပ်ပြီး Hue:251, Saturation: 31, Lightness:0,Colorize တို့ကိုပုံပါအတိုင်းသတ်မှတ်လိုက်ပါဦး။




**Step(13)**

အားလုံးပြီးသွားပြီဆိုရင်တော့ Layer Box(F7) ထဲမှာရှိတဲ့ Layer Blending mode ကို Screen ပြောင်းလိုက်ရင်တော့ မိမိဖန်တီးထားတဲ့ ပုလင်းထဲက လျှပ်စီးကြောင်းများကို တောက်ပစွာတွေ့ရမှာဖြစ်ပါတယ်။




# MATCH COLOR
# အသုံးပြုနည်း



ကာလာတွဲဖက်ခြင်း၊ အခြားပုံက အရောင်ပါဝင်မှုကို မိမိ ပြုလုပ်ချင်တဲ့ ပုံမှာ ထည့်သွင်းခြင်းပြုလုပ်တဲ့အခါ Match Color က တော်တော်လေးကို အသုံးဝင်ပါတယ်။ ဒီပုံလေးမှာ အနီနဲ့အစိမ်းကိုဖြည့်ပြီး ပုံရဲ့အရောင်ကို ပြောင်းလဲသွားစေတာကို မြင်တွေ့ရမှာပါ။ ပုံတစ်ပုံကို Color Effect တွေနဲ့ ညှိုနှိုင်းနိုင်စွမ်းရှိအောင် ပြုလုပ်ခြင်းပါ။ ဒီလေ့ကျင့်ခန်းလေးက Match color ကို ဘယ်လို အသုံးပြုသလဲဆိုတာကိုပါ နားလည်သွားမှာပါ။

Step(1)

File>Open နဲ့ iStock_000004060 photo ကို ဖွင့်လိုက်ပါ။



Step(2)

Layer>New>Layer(Shift+Ctrl+N) နဲ့ Layer အသစ်တစ်ခုပြုလုပ်လိုက်ပါ။



*Step(3)*

Tool Box ထဲက Rectangular Marquee Tool(M) ကိုယူလိုက်ပါ။ ပုံရဲ့တစ်ခြမ်းကို ဖိဆွဲပြီး Select ပေးလိုက်ပါ။




*Step(4)*

Window>Swatches ကိုနှိပ်ပါ။ Swatches Box ကျလာရင်တော့ (RGB Red) ကိုရွေးလိုက်ပါ။ Alt+Backspace နှိပ်ပြီး Selection Area ထဲကို အနီရောင်ကိုဖြည့်လိုက်ပါ။




*Step(5)*

Select>Inverse (Shift+Ctrl+I) ကိုနှိပ်ပါ။ Selection ကပုံရဲ့ကျန်တဲ့တစ်ဖက်ခြမ်းကို ပြောင်းလဲသွားမှာပါ။ Window>Swatches ကိုနှိပ်ပါ။ Swatches Box ကျလာရင်တော့ (RGB Green) ကိုရွေးလိုက်ပါ။ Alt+Backspace နှိပ်ပြီး Selection Area ထဲကို အစိမ်းရောင်ကိုဖြည့်လိုက်ပါ။











*Step(6)*

Layer Box ထဲက Layer 1 ဘေးက Indacates Layer visiblity (မျက်လုံးပုံ) လေးကို ပိတ်လိုက်ပါ။ Background Layer ကို ရွေးလိုက်ပါ။




*Step(7)*

Image>Adjustments>Match Color ကိုနှိပ်ပါ။




*Step(8)*

၉ Match Color က အနီနဲ့ အစိမ်းရောင်ဖြည့်ထားတဲ့ Layer 1 ကိုအခြေခံမှာပါ။ Match Color Box ထဲမှာ Source: (မိမိပုံရဲ့ File နာမည်) ကို ရွေးပါ။ ထို့နောက် Layer: Layer 1 ကို ပုံပါအတိုင်းရွေးပါ။





Luminance:100, Color Intensity: 150, Fade: 75 ပြောင်းလိုက်ပါ။





Tool Box ထဲက Crop Tool (C) ကိုယူပြီး ပုံပေါ် ဖိဆွဲပါ။ Crop လုပ်ရန် မိမိလိုချင်သော အတိုင်းအတာရောက်ပါက Enter ကိုနှိပ်ပါ။ မင်းသမီးရဲ့ပုံဟာ Color Effect တွေနဲ့ ညီညွှင်နိုင်စွမ်းရှိသွားတာကို မြင်ရမှာပါ။



# ကန်ရေပြင်အရိပ် EFFECT ကိုဖန်တီးခြင်း



ဒါဟာ စိတ်ကူးယဉ်ဆန်ဆန် တီထွင်ဖန်တီးထားတဲ့ ကန်ရေပြင်လေး တစ်ခုကိုဖန်တီးထားခြင်း ဖြစ်ပါတယ်။ နက်ရှိုင်းကြည်လင်မှုကို ဖန်တီးတဲ့အခါ ရေပြင်မှာပေါ်နေတဲ့အရိပ်တွေကို တိုလာအောင်ဖန်တီးရပါတယ်။ ဒါမှလည်း အရိပ်စစ်နဲ့ ထင်ရတဲ့အနက်တို့ ကွာခြားချက်ကိုပိုသိလာမှာပါ။

ကျွန်တော်တို့ ဒီကျောက်တိုင်ပုံရဲ့ရှေ့မှာ ရေပြင်လေးတစ်ခုဖန်တီးလိုက်ရုံနဲ့ ပိုပြီးတော့ စိတ်ဝင်စားစရာကောင်းတဲ့ပုံတစ် ပုံဖြစ်သွားတာကို မြင်တွေ့ကြရမှာပါ။

*Step(1)*

Folder ထဲမှ k_a_n_1 photo ပုံကိုဖွင့်ပါ။



*Step(2)*

Tool Box ထဲက Polygonal Lasso(L) နဲ့ ပုံကို select ပေးပါ။ (သို့မဟုတ်) သင်ကြိုက်နှစ်သက်ရာ Pen Tool (P) နဲ့ select ပေးလို့လည်းရပါတယ်။



*Step(3)*


ပုံရဲ့အပေါ်ပိုင်းကို select ပေးပြီး (Ctrl+C)copy လုပ်ပြီး (Ctrl+V) paste လုပ်ပါ။ selection area သည် Layer 1 အဖြစ်သို့ ပြောင်းလဲသွားသည်။

ထို့နောက် Edit> Transform>Flip Vertical လုပ်ပြီး Enter ကိုနှိပ်ပါ။ Layer 1 ကို Move Tool (V) နဲ့ ရေ အရိပ်အဖြစ်လုပ်မယ့် အောက်ခြေကို ဆွဲချပါ။




*Step(4)*

Edit>Transform>Wrap လုပ်ပါ။ ပုံရဲ့အပေါ် ဘယ်ဘက်ခြမ်းကို ဆွဲတင်ပါ။ ပုံပါ အတိုင်းကိုလိုချင်တဲ့ပုံရအောင် ပြုလုပ်ပါ။




*Step(5)*

ရေပြင်ရဲ့အရိပ်ကလေးကို ပိုမိုပီပြင်လာအောင် Light Effect ကိုဖန်တီးပေးရမှာဖြစ်ပါတယ်။ Image>Adjustment>Brightness/Contrast ကိုနှိပ်ပါ။ Brightness (-100) နဲ့ Contrast(-50) သတ်မှတ်လိုက်ပါ။





*Step(6)*

ရေပြင်ရဲ့ပုံဟာ ပြတ်သားနေပါတယ်။ ထိုပြတ်သားမှုတွေကို ဝါးသွားအောင် Filter> Blur>Gaussian Blur လုပ်ပါ။ Gaussian Blur ရဲ့ Radius(1) လောက်ပဲ ထားပေးပါ။



*Step(7)*

လှိုင်းကြပ်ခွပ်လေးတွေကိုဖန်တီးဖို့ Filter>Distort>Ocean Ripple ကိုနှိပ်ပါ။ Ripple Size (15), Ripple Magnitude (1) ကိုသတ်မှတ်ပါ။



*Step(8)*

ကြည့်လင်နေတဲ့ရေပြင်ဟာ ဂယက်ထပြီး တိမ်သယောင်ထင်ရအောင် ရေပြင်ကို ကြုံ့ဖို့ လိုပါတယ်။ Edit>Transform>Scale (Ctrl+T) ကိုနှိပ်ပြီး ပုံရဲ့အောက်ခြေမှ ပုံကို တိုလိုက်ပါ။




*Step(9)*

နောက်ဆုံးမှာတော့ ယခင်ပုံမှာမရှိခဲ့တဲ့ လှိုင်းကြက်ခွပ်လေးတွေနဲ့ ကန်ရေပြင်ဟာ တကယ်ရှိနေသယောင် ကြည့်နူးဖွယ်မြင်တွေ့ကြရမှာဖြစ်ပါတယ်။



# စိတ်လှုပ်ရှားစရာကောင်းတဲ့ Abstract Wallpaper တစ်ခု ဖန်တီးခြင်း




Abstract Wallpaper တွေကို Background ပုံတွေအဖြစ် အသုံးပြုရာမှာ ပိုအဆင်ပြေပါတယ်။ Background ရဲ့ ကြည်လင်တောက်ပမှုက ရှေ့မှာရှိတဲ့ပုံကို ပိုမိုအလင်းတက်တာစေတာကြောင့် ဒီလေ့ကျင့်ခန်းမှာ စာမျက်နှာအသစ်ခေါ်တာကနေစပြီး Abstract Wallpaper တစ်ခုဖြစ်သွားတဲ့အထိ ဖန်တီးပြထားပါတယ်။

ပုံရဲ့ Resolution ကို မြှင့်ပြီးလည်း ဖန်တီးနိုင်ပါတယ်။ စာဖတ်သူတွေ အနေနဲ့ အမြန်ဖန်တီးလို့ရအောင် လေ့ကျင့်ခန်းအဖြစ် ပုံရဲ့ Resolution 72 နဲ့ လျှော့ပြီး ဖော်ပြထားပါတယ်။

*Step(1)*

File >New (Ctrl+N) ကိုနှိပ်ပြီး File Size 1920x1200 pixels နဲ့ Resolution 72 နဲ့အဖြူရောင် Background အသစ်တစ်ခုကိုဖန်တီးပါ။ Foreground နဲ့ Background color တွေကို black and white အဖြစ်ပြောင်းလဲရန် D ကိုနှိပ်ပါ။ Layer>New Layer ကိုနှိပ်ပြီး wallpaper လို့အမည်ပေးပါ။




*Step(2)*


wallpaper Layer ကို နှိပ်ပြီး Filter>Render>Clouds ကိုနှိပ်ပါ။



*Step(3)*


ပြီးနောက် Filter>Pixelate>Mosaic ကိုနှိပ်ပြီး cell size 50 သတ်မှတ်ပါ။



*Step(4)*


Filter>Blur>Radial Blur ကိုပြုလုပ်ပါ။







*Step(5)*

ဒီနောက်မှာတော့ Filter>Stylize>Emboss ကိုနှိပ်ပြီး Emboss Box ထဲတွင် Angle:140, Height: 20 pixels, Amount: 240% တို့ကို ပြောင်းလဲသတ်မှတ်ပေးပါ။




*Step(6)*


Filter>Brush stroke>Accented Edges ကိုနှိပ်ပြီး Accented Edges, Edge Width:2, Edge Brightness:40, Smoothness:5 တို့ကို ပုံပါအတိုင်းသတ်မှတ်ပါ။



*Step(7)*

Filter>Stylize>Find Edges ကိုနှိပ်ပါ။




## Step(8)

Filter>Stylize>Glowing Edges ကိုနှိပ်ပါ။

Edge Width:2, Edge Brightness:12, Smoothness:4 ကိုပြောင်းလိုက်ပါ။







## Step(9)

ပုံရဲ့ color ကို ပြောင်းလဲပေးဖို့အတွက်


Image>Adjustment>Hue/Saturation နှိပ်ပါ။

Colorize, Hue:180, Saturation: 100, Lightness: -44 ကိုသတ်မှတ်ပေးလိုက်မယ်ဆိုရင် ပုံရဲ့ Color ဟာ ပြောင်းလဲသွားတာကို မြင်ရမှာဖြစ်ပါတယ်။




*Step(10)*

ပုံရဲ့ Sharp ဖြစ်တာတွေ ဖယ်ထုတ်ဖို့အတွက် Filter> Blur>Surface Blur ကိုနှိပ်ပြီး Radius: 7 pixels, Threshold: 20 Levels ကို ပြောင်းလဲပေးပါ။




*Final Image*

နောက်ဆုံးမှာတော့ စိတ်လှုပ်ရှားဖွယ်ရာ Abstract Wallpaper ဒီဇိုင်းလေးကို ရရှိခံစားလို့ရပြီ ဖြစ်ပါတယ်။



# အရောင်အသွေးတွေနဲ့ ပိုစတာတစ်ခုကို ဆန်းသစ်ဖန်တီးခြင်း



Designer တွေအတွက် အတော်ကို အသုံးဝင်မယ့် လေ့ကျင့်ခန်းလေးပါ။ Model တစ်ယောက်ရဲ့ပုံကို color တွေနဲ့ဖြည့်ပြီး Billboard အချိုရည် ကြော်ငြာတွေ၊ ဂျာနယ်မျက်နှာဖုံးတွေမှာ လှုပ်ရှားမှုအားပါတဲ့ပုံတွေကို ဖန်တီးရာမှာပိုပြီးအသုံးဝင်ပါတယ်။ ဒီလေ့ကျင့်ခန်းကိုပြုလုပ်တဲ့အခါမှာ မိမိနှစ်သက်ရာ Model ပုံတွေကိုလည်း သုံးနိုင်ပါတယ်။


Step(1)

File>Open နဲ့ d_a_n_5 photo ကို ဖွင့်လိုက်ပါ။




Step(2)

Layer>Duplicate Layer (Ctrl+J) နဲ့ ပုံကို Copy ပွားလိုက်ပါ။




*Step(3)*

Dancer Model ပုံကို အနက်ရောင်အရိပ်အဖြစ်ပြောင်းလဲစေဖို့နဲ့ ပုံရဲ့နောက်ကနောက်ခံအရောင်တွေပျောက်သွားစေဖို့ Image>Adjustments> Threshold ကိုနှိပ်ပြီး Thresold Level ကို 59 ထားလိုက်ပါ။




*Step(4)*

Dancer Model ပုံကို Blend လုပ်ဖို့ Layer Box ထဲမှာ Right Click နှိပ်ပြီး Blending Options ကိုရွေးလိုက်ပါ။




Blending Options Box ထဲမှာ Underlying layer ရဲ့ Slider ကို Alt ကို ဖိထားပြီး ပုံပါအတိုင်း ဘယ်ဘက်ကိုရွှေ့လိုက်ပါ။




Dancer Model ပုံရဲ့ပြောင်းလဲသွားပုံကို အခုလိုမြင်တွေ့ရမှာပါ။




*Step(5)*


Layer>New Layer(Ctrl+Shift+N) ကိုနှိပ်ပြီး Layer အသစ်တစ်ခု ဖန်တီးလိုက်ပါ။



*Step(6)*

Layer အသစ်ကို Layer Box ထဲမှာ Right Click နှိပ်ပြီး Blending Options ကိုရွေးလိုက်ပါဦး။ Blending Options Box ထဲမှာ Underlying layer ရဲ့ Slider ကို Alt ကိုဖိထားပြီး ပုံပါအတိုင်း ဘယ်ဘက်ကိုရွှေ့လိုက်ပါ။




*Step(7)*


ပုံကို ကာလာဖြည့်မှာဖြစ်ပါတယ်။ Tool Box ထဲက Brush(B) ကိုနှိပ်ပြီး Large brush အကြီးတစ်ခုကိုရွေးလိုက်ပါ။ Brush ကို Hardness-0 ကိုရွေးလိုက်ပါ။

ကျွန်တော်တို့ Cyan, Magenta, Yellow, Black ကိုတစ်ရောင်စီ Brush နဲ့ ပွတ်ဆွဲလိုက်ပြီး ပုံထဲကို ကာလာဖြည့်သွားရင်တော့ အောက်မှာ မြင်ရတဲ့အတိုင်း ပုံဟာအရောင်တွေနဲ့ ဆွဲဆောင်မှုရှိသွားမှာဖြစ်ပါတယ်။




(တကယ်လို့ မိမိစိတ်ကြိုက်ပြင်ချင်သေးတယ်ဆိုရင်တော့ Layer Box ထဲမှာ Right Click နှိပ်ပြီး Blending Options ကိုရွေးလိုက်ပါဦး။

Blending Options Box ထဲမှာ Underlying layer ရဲ့ Slider ကို Alt ကို ဖိထားပြီး ပုံပါအတိုင်း ဘယ်ဘက်ကိုရွှေ့လိုက်ပါ။)




**Step(8)**

ပုံရဲ့အောက်ခြေကိုအဖြူရောင်က ထွက်နေတဲ့အရိပ်ကို အဖြူရောင်နဲ့ချယ်ဖို့ Large brush, Hardness-o ကိုရွေးပြီး Foreground color အဖြူရောင် နဲ့ပွတ်ဆွဲလိုက်ပါ။





စာအုပ်ရဲ့အဖုံးဒီဇိုင်းလေးကို ဒီပုံလေးကို အခြေခံပြီးဆွဲထားတာပါ။ မိမိလည်းအရောင်တွေပုံတွေကို စိတ်ကူးညဏ်ရှိသလို စိတ်ကြိုက်ပြုပြင်ဆွဲလို့ရပါတယ်။



# စာသားပေါ်နွယ်တက်နေတဲ့ Brush နဲ့ Text Style တစ်ခုဖန်တီးခြင်း





စာလုံး၊ လှုပ်ပုံတွေပေါ်မှာ Brush နဲ့ပွတ်ဆွဲပြီး Text Style ပြုလုပ်နည်းကို ဖော်ပြထားတာပါ။ DVD Cover, ပိုစတာတွေမှာ အသုံးများပါတယ်။

ဒီလေ့ကျင့်ခန်းကိုလေ့ကျင့်ပြီးရင် Photoshop Brush ဖန်တီးခြင်း အကြောင်းကိုပါ တွဲဖက်နားလည်သွားပြီး မိမိဖန်တီးချင်တဲ့ Brush တွေကို ကိုယ်တိုင်ဖန်တီးရေးဆွဲနိုင်မှာပါ။

ဒီအခန်းမှာတော့ စာသားပေါ်မှာ Brush ကလေးတွေနဲ့ပွတ်ပြီး ဖန်တီးထားတဲ့ Text Style အလှဆင်နည်းလေးကို ဖော်ပြပေးသွားမှာပါ။

*Step(1)*

File>New နဲ့ စာရွက်အသစ်ခေါ်ပြီး width x 1000, height x 500pixeals နဲ့ စတင်လိုက်ပါ။ အရောင်ကိုတော့ အဖြူရောင်ဖြည့်ပါ။




*Step(2)*

Tool Bar က Horizontal Type Tool(T) ကိုနှိပ်ပြီး color #0d848b ကိုရွေးလိုက်ပါ။ Life ဆိုတဲ့စာသားကို Ultra Vertex 19 နဲ့ရိုက်ပါ။ ဒါမှမဟုတ် မိမိနှစ်သက်တဲ့ Fonts တွေကိုလည်း စမ်းသုံးလို့ရပါတယ်။




*Step(3)*

Life Layer ပေါ်ကို double click ခေါက်လိုက်ရင် Layer Style Box ကျလာမှာဖြစ်ပါတယ်။





အဲဒီထဲမှာ Inner Shadow, Outer Glow, Inner Glow, Gradient Overlay, Stroke ကို ပုံမှာပြထားတဲ့ သတ်မှတ်ချက်တွေအတိုင်းလုပ်ပါ။


Layer>Layer Style>Inner Shadow




Layer>Layer Style>Outer Glow





Layer>Layer Style>Inner Glow



Layer>Layer Style>Gradient Overlay





Layer>Layer Style>Stroke တို့ကိုအောက်ပါအတိုင်း သတ်မှတ်ပေးပါ။



*Step(4)*


Life စာသားလေးရဲ့ပြောင်းလဲသွားပုံကို အောက်မှာမြင်တွေ့ရမှာဖြစ်ပါတယ်။



*Step(5)*


Select>Load Selection နဲ့ Life စာသားလေးကို Select ပေးပါ။ ထို့နောက် Elliptical Marquee Tool(M) ကိုယူပြီးလိုအပ်တဲ့အပိုင်းကိုပုံမှာပြထားတဲ့အတိုင်း Selection ပေးတဲ့အခါ Alt+Shift ကိုဖိထားရမှာဖြစ်ပါတယ်။

ရလာတဲ့ Selection Tool ကို Gradient ပြုလုပ်ဖို့အတွက် Layer>New Layer(Ctrl+Shift+N) ကိုနှိပ်ပါ။ Tool Bar ထဲက Gradient Tool (G) ကိုနှိပ်ပါ။ Tool Box ထဲက Foreground ကို ပေးထားတဲ့ Select Area ကို White to Transparent gardient Tool နဲ့ Drag ဆွဲလိုက်ပါ။




*Step(6)*

Select>Deselect(Ctrl+D) နဲ့ Selection ကိုပြန်ဖြုတ်လိုက်ပါ။ Tool Box ထဲက Set Foreground color ကိုနှစ်ချက်နှိပ်ပြီး Foreground color ကို #c6c800 ပြောင်းလိုက်ပါ။ ပြီးနောက် Tool Box ထဲက Set Background color ကို နှစ်ချက်နှိပ်ပြီး Background color ကို #328122 အရောင်တွေကိုပြောင်းလိုက်ပါ။




*Step(7)*


Tool Box ထဲက Brush Tool (B) ကို နှိပ်လိုက်ပါ။ ပုံမှာပြထားတဲ့ Brush ကိုရွေးပြီး Brush Size ကိုလည်း 40px ပြောင်းပေးလိုက်ပါ။




*Step(8)*

Brushes Box ထဲတွင် Shape Dynamics, Scattering, Color Dynamics, Other Dynamics တို့ကို အောက်တွင် ဖော်ပြထားသောပုံများအတိုင်း သတ်မှတ်ပါ။


Window>Brushes(F5) ကိုနှိပ်လိုက်ပါ။
Shape Dynamics ကိုရွေးပြီး သတ်မှတ်ချက်အတိုင်း ပြုလုပ်ပေးပါ။




Scattering ကို ရွေးပြီး သတ်မှတ်ချက်အတိုင်းပြုလုပ်ပေးပါ။




Color Dynamics ကိုရွေးပြီး သတ်မှတ်ချက်အတိုင်းပြုလုပ်ပေးပါ။




Other Dynamics ကိုရွေးပြီး သတ်မှတ်ချက်အတိုင်းပြုလုပ်ပေးပါ။





*Step(9)*

Layer>New Layer(Ctrl+Shift+N) ကိုနှိပ်ပြီး Layer အသစ်တစ်ခုခေါ်လိုက်ပါ။ အောက်မှာပြထားတဲ့အတိုင်း စာသားပေါ်ကို နွယ်တက်သလိုမျိုးဖြစ်အောင် Brush နဲ့အကွေးလေးတွေ ပွတ်ဆွဲပါ။




*Step(10)*

Brush Size ကို 9px လျှော့ချပြီး စာသားပေါ်မှာ ဒုတိယအကြိမ် အကွေးသေးသေးလေး တွေကို ထပ်ဆွဲလိုက်ပါဦး။





*Step(11)*

စာသားပေါ်က Brush လေးတွေကို ပိုပြီးထင်ရှားလာစေချင်ရင်တော့ Filter>Sharpen ကိုနှိပ်ပေးရမှာဖြစ်ပါတယ်။



*Step(12)*


အနိုင်ပါးပါးလေး ထည့်ချင်တယ်ဆိုရင်တော့ Layer>Layer Style> Drop Shadow ကိုရွေးပြီး ပုံပါအတိုင်း သတ်မှတ်ပါ။




*Step(13)*


Layer > Layer Style > Create Layer ကို နှိပ်ပါ။ Life စာသား Layer ကို Selection ပေးဖို့အတွက် Selection>Load Selection ကိုရွေးလိုက်ပါ။

ထို့နောက် Layer1's Drop Shadow Layer ကို ရွေးပြီး Ctrl+Shift+I ကိုနှိပ်လိုက်ပါ။ ပြီးနောက် Delete နှိပ်ပြီးဖျက်ထုတ်လိုက်ပါ။ Select>Deselect(Ctrl+D) နှိပ်ပြီး Selection ကိုပြန်ဖြုတ်ပါ။



*Step(14)*

အနီရောင်အလုံးကလေးတွေကို ကြည့်ကောင်းအောင်ထည့်လိုက်မယ်ဆိုရင် မိမိဖန်တီးထားတဲ့ Text Style ဟာ ချစ်စရာကောင်းလောက်အောင် ပိုပြီး ပြည့်စုံသွားမှာဖြစ်ပါတယ်။ ပုံအပြီးသတ်တဲ့အခါ (နှင်းဆီနီကလေးတွေ၊ ပန်းခက်ကလေးတွေကို မိမိ စိတ်ကူးညဏ်ကွန့်မြူးနိုင်ပါသေးတယ်။ )





# ကြော့ရှင်းသပ်ရပ်သော Text Effect တစ်ခု ဖန်တီးခြင်း




Tool Box ထဲက Text Tool ကိုယူ၊ စာရိုက်၊ အရောင်ထည့် ဆိုတဲ့ ဖန်တီးမှုတွေကိုဖော်ပြရတာ အတော်လေးကို ရိုးအီနေပါပြီ။ Photoshop ကို အသုံးပြုတတ်သူတိုင်း ပြုလုပ်လေ့ရှိတာပါ။ Text တွေကို ဒီဇိုင်းဆွဲဆောင်မှု ရှိအောင် ကြော့ရှင်းသပ်ရပ်တဲ့ Text Effect တစ်ခုကို ဖန်တီးပြထားပါတယ်။ အရောင်လက်နေတာကို ပိုပြီး ထင်ရှားလာအောင် Star လေးတွေကိုလည်း ပုံပေါ်မှာ ထည့်သွင်းဖန်တီးပြထားပါတယ်။

*Step(1)*

File>New(Ctrl+N) နဲ့ File အသစ် ခေါ်ပြီး Width:1000pixels, Height: 1000pixels, Resolution:72, Color Mode: RGB Color, Background Contents: White ကို သတ်မှတ်ပါ။

Tool Box ထဲက Set foreground color ကို နှိပ်ပြီး #000000 ရိုက်ထည့်ပြီး အနက်ရောင်ကို ပြောင်းပါ။ ထို့နောက် Alt+Backspace နှိပ်ပြီး ပုံထဲကို အနက်ရောင် ဖြည့်လိုက်ပါ။



*Step(2)*

Layer>New>LayerFrom Background နှိပ်လျှင် Background Layer သည် Layer:0 ဖြစ်သွားလိမ့်မည်။ (ထိုအခါမှသာ Layer Style များကိုလုပ်နိုင်မည်ဖြစ်သည်)

Layer>Layer Style>Gradient Overlay ကိုနှိပ်ပါ။

သတ်မှတ်ချက်အချို့ကို သတ်မှတ်ပြီး Gradient ကို Click နှိပ်ပါ။


ဘယ်ဘက်က Clor stop slider လေးကို Double Click နှိပ်၍ဖွင့်ပါ။

Select stop color Box ကျလာလျှင် ပုံမှာပြထားတဲ့ Color အတိုင်း #342944 ကိုရိုက်ထည့်ပါ။

Clor stop slider လေးကို Alt ကို ဖိပြီး ညာဘက်ကို Location: 30 အထိ ရောက်အောင်ပွတ်ဆွဲပါ။

ယခုဆွဲလိုက်တဲ့ Clor stop slider လေးကို Double Click နှိပ်၍ ဖွင့်ပါ။

Select stop color Box ကျလာလျှင် ပုံမှာပြထားတဲ့ Color အတိုင်း #0f0324 ကိုရိုက်ထည့်ပါ။ ညာဘက်ဆုံးက Clor stop ကိုတော့ #e5d7f0 ကို ရိုက်ထည့်ပါ။




*Step(3)*

ဒီအဆင့်ကတော့ Elegant စာသားရိုက်ထည့်ပြီး ကြော့ရှင်းသပ်ရပ်တဲ့ Effect ကိုဖန်တီးမှာဖြစ်ပါတယ်။

Tool Box ထဲက Horizontal Type Tool(T) ကိုရွေးပြီး (Font: Brush Script Std font, 300pt,Crisp) နဲ့ ပုံရဲ့အလယ်တည့်တည့်မှာ. Elegant စာသားရိုက်ပါ။

Tool Box ထဲက Set foreground color ကို နှိပ်ပြီး #ffffff ရိုက်ထည့်ပြီး အနက်ရောင် ကိုပြောင်းပါ။


ထို့နောက် Alt+Backspace နှိပ်ပြီး ပုံထဲကိုအဖြူရောင်ဖြည့်လိုက်ပါ။






*Step(4)*

Layer>Layer Style>Drop Shadow ကို နှိပ်ပြီးပုံပါအတိုင်း သတ်မှတ်ပါ။





Layer>Layer Style>Inner Glow ကိုနှိပ်ပြီး ပုံပါအတိုင်း သတ်မှတ်ပါ။






*Step(5)*

စာသားကောက်ကြောင်းပုံကို ပိုမိုထင်ရှားလာဖို့လိုပါတယ်။ ဒါကြောင့် Layer>Layer Style>Bevel and Emboss ကို နှိပ်ပြီး ပုံပါအတိုင်း သတ်မှတ်ပေးရမှာပါ။




ထို့နောက် Contour ကိုရွေးပြီး Preset: Ring Triple ကို ပြောင်းပေးပါ။







*Step(6)*


စာသားကို အရောင်တင်ဖို့ Layer>Layer Style>Stain ကိုနှိပ်ပြီး ပုံပါအတိုင်း သတ်မှတ်ပါ။




Layer>Layer Style>Color Overlay ကိုနှိပ်ပြီးပုံပါအတိုင်းသတ်မှတ်ပါ။



Layer>Layer Style>Stroke ကို နှိပ်ပြီး ပုံပါအတိုင်း သတ်မှတ်တဲ့အခါ Gradient ထဲက Color Stop လေးတွေက (၁၂)ခုတောင် ခွဲထုတ်သတ်မှတ်ရမှာဖြစ်တဲ့အတွက် အရောင်လေးတွေကို သတ်မှတ်ချက်အတိုင်း စိတ်ရှည်ရှည်နဲ့ စနစ်တကျရိုက်ထည့်ပါ။






*Step(7)*

ကြေ့ာ်ရှင်းသင်ရပ်တဲ့ Star လေးတွေကိုဖန်တီးဖို့ Layer>New>Layer(Shift+Ctrl+N) ကိုနှိပ်ပြီး Layer အသစ်တစ်ခုကိုဖန်တီးလိုက်ပါ။


Tool Box ထဲက Rectangular Marquee Tool ကိုယူပြီး Star လုပ်ဖို့ Selection တစ်ခုကို ဖန်တီးလိုက်ပါ။

ထို့နောက် Tool Box ထဲက Set foreground color ကို နှိပ်ပြီး #ffffff ရိုက်ထည့်ပြီး အဖြူရောင်ကိုပြောင်းပါ။ ထို့နောက် Alt+Backspace နှိပ်ပြီး Selection Area ထဲကို အဖြူရောင်ဖြည့်လိုက်ပါ။



*Step(8)*


Select>Deselect(Ctrl+D) ကိုနှိပ်ပါ။ Filter>Blur>Motion Blur ကိုနှိပ်ပြီး Angle:90, Distance:47pixels သတ်မှတ်ပါ။






*Step(9)*

Motion Blur လုပ်ထားတဲ့ Layer ကို Layer>Duplicate Layer(Ctrl+J) နဲ့ပွားယူလိုက်ပါ။ Edit>Transform>Rotate 90CW နဲ့လှည့်လိုက်ပါ။




*Step(10)*

Motion Blur လုပ်ထားတဲ့ Layer နဲ့ (Ctrl+J) နဲ့ ပွားယူလိုက်တဲ့ Layer နှစ်ခုကို (Ctrl+E) နှိပ်ပြီး တစ်ခုထဲဖြစ်အောင်ပေါင်းလိုက်ပါ။


Layer>New>Layer(Shift+Ctrl+N) ကိုနှိပ်ပြီး Layer အသစ်တစ်ခုကိုဖန်တီးလိုက်ပါ။ Tool Box ထဲက Rectangular Marquee Tool ကိုယူပြီး Selection တစ်ခုကိုဖန်တီးလိုက်ပါ။

ထို့နောက် Tool Box ထဲက Set foreground color ကို နှိပ်ပြီး #ffffff ရိုက်ထည့်ပြီး အဖြူရောင်ကို ပြောင်းပါ။ ထို့နောက် Alt+Backspace နှိပ်ပြီး Selection Area ထဲကို အဖြူရောင်ဖြည့်လိုက်ပါ။



*Step(11)*

Select>Deselect(Ctrl+D) နှိပ်ပြီး Selection ကိုဖြုတ်လိုက်ပါ။ Filter>Blur> Gaussian Blur ကို ရွေးပြီး Radius:7 သတ်မှတ်ပေးပါ။






*Step(12)*

စက်ဝိုင်း Layer ကိုလည်း (Ctrl+E) နှိပ်ပြီး Motion Blur လုပ်ထားတဲ့ Layer နဲ့ ပေါင်းလိုက်ပါ။ ဒါဆိုသင်လိုချင်တဲ့ Star ပုံလေးကိုရအောင် Edit>Transform>Scale(Ctrl+T) နဲ့ အနည်းငယ်သေးလိုက်ပါ။ Edit>Transform>Rotate နဲ့လှည့်လိုက်ပါ။ လိုချင်တဲ့ Star ပုံလေးရပြီဆိုရင်တော့ Elegant စာသားပေါ်ကို ရွှေ့လိုက်ပါ။



*Step(13)*

Star ပုံလေးတွေထပ်ပွားချင်တယ်ဆိုရင်တော့ (Ctrl+J) ကိုနှိပ်ပြီး ပွားသွားလို့ရပါတယ်။ အခုဆိုရင် လှပပြီး ကြော့ရှင်းသပ်ရပ်နေတဲ့ Text Effect တစ်ခုကို သင်မြင်တွေ့ရပါပြီ။



# Black and White Photo ပုံကို Color Photo(RGB) ဖြစ်သွားအောင်ပြုလုပ်နည်း



Black and White Photo တစ်ပုံကို Color Photo(RGB) ဖြစ်သွားအောင် Photoshop နဲ့လုပ်တဲ့နည်းလည်း တွေအများကြီးရှိပါတယ်။ ဒီလေ့ကျင့်ခန်းလေးက သမရိုးကျ နည်းလမ်းမဟုတ်ဘဲ Black and White Photo ပုံဟောင်းကြီးတွေ ကို ဘယ်လို Selection ပေးသလဲ၊ Color ဘယ်လိုဖြည့်သလဲဆိုတာကို လွယ်ကူရှင်းလင်းစွာပြသွားမှာဖြစ်ပါတယ်။ ဓာတ်ပုံဆိုင်တွေအတွက်လည်း အတော်လေးအသုံးဝင်မယ့်နည်းပါ။

*Step(1)*

File>Open နဲ့ b_l_a_1 photo ပုံကို ဖွင့်လိုက်ပါ။



*Step(2)*

Image>Mode>RGB ကို ပြောင်းလိုက်ပါ။

*Step(3)*

Tool Box အောက်ခြေနားမှာရှိတဲ့ Edit Quick Mask Mode (Q) ကိုရွေးပါ။

ထို့နောက် Tool Box xJu Brush Tool(B)ကိုနှိပ်ပြီး အနားဖွာတဲ့ Brush တစ်ခုကို ရွေးလိုက်ပါ။ Brush Size ကိုတော့ သင့်တော်သလို သတ်မှတ်လိုက်ပါ။ ပုံရဲ့ အသားတွေအပေါ်ကို Drag ဆွဲပြီး လိုက်ခြယ်ပါ။ အသားပေါ်မှာ ပန်းဆီရောင်လေးတွေနဲ့ခြယ်သထားတာကို တွေ့ရမှာပါ။ ဒီလိုခြယ်တဲ့ရည်ရွယ်ချက်က ပုံကို Selection ပေးဖို့အတွက်ပဲ ဖြစ်ပါတယ်။



*Step(4)*

Selection ပေးရာမှာ မျက်လုံးရဲ့အပြင်က အသားတွေကိုပဲ လိုချင်တာပါ။ မျက်လုံးကို Selection မဝင်ချင်ပါဘူး။ ဒါကြောင့် ပန်းဆီရောင်ချယ်ထားတဲ့ အသားပေါ်က မျက်လုံးနေရာတွေကို အဖြူရောင်ချယ်ဖို့အတွက် Tool Box ထဲက Set foreground color ကို နှိပ်ပြီး #ffffff ရိုက်ထည့်ပြီး အဖြူရောင်ကို ပြောင်းပါ။ Brush Size ကိုလိုသလို အကြီးအသေးပြုလုပ်ပြီး မျက်လုံးထဲကိုချယ်ပေးပါ။



*Step(5)*


Quick Madk Mode ကို Normal Mode ပြောင်းဖို့အတွက် (Q) ကိုနှိပ်ပါ။ ထိုအခါပန်းဆီရောင်ချယ်သထားသော ဧရိယာများသည် Selection ဖြစ်သွားတာကိုမြင်ရမှာပါ။ ဒါဟာ အသားနေရာတွေကိုပဲ Selection ဝင်သွားတာပါ။ (အဝတ်အစား၊ မျက်လုံး၊ နောက်ခံ Background ) တွေကတော့ ဒီအတိုင်းရှိနေမှာပါ။ Selection ကိုပြောင်းပြန်ဖြစ်ဖို့အတွက် Selete>Inverse(Shift+Ctrl+I) ကို နှိပ်ပါ။

*Step(6)*

Selection ကို ပွားဖို့ Edit>Copy(Ctrl+C) ကို နှိပ်ပါ။

*Step(7)*

Edit>Paste(Ctrl+V) ကိုနှိပ်ပါ။ Layer Box ထဲမှာ အသစ်ပေါ်လာတဲ့ Layer 1 ကို Double Click နှိပ်ပြီး skin လို့ အမည်ပြောင်းလိုက်ပါ။





*Step(8)*

Background Layer ပေါ်ကနေ မိမိလိုချင်တဲ့ Layer တွေကိုခွာယူရမှာဖြစ်ပါတယ်။ ဆံပင်၊ အင်္ကျီ(ယောက်ကျားပုံနဲ့ မိန်းမပုံကိုခွဲခြားနိုင်စေရန် နောက်ပြီး မိမိကာလာထည့်ချင်တဲ့နေရာတွေကို အဆင့်(၃) ကနေ အဆင့်(၇)အထိလုပ်သလို ထပ်ပြီးလုပ်လိုက်ပါဦး။

Layer တွေကိုတော့ မှတ်မိအောင် နာမည်လေးတွေပေးထားပေါ့။ Layer Box ထဲမှာ သင်ပြုလုပ်ထားတဲ့ Layer တွေကို အောက်ပါအတိုင်းမြင်ရမှာဖြစ်ပါတယ်။

မှတ်ချက်-Edit Quick Mask Mode (Q) ကိုရွေးတဲ့အခါ Tool Box ထဲက Set foreground color ကို နှိပ်ပြီး (#000000 ) ဖြစ်ဖို့လိုပါတယ်။




*Step(9)*

အခု Layer တွေလည်း ခွဲပြီးပြီဆိုတော့ Color ဖြည့်ကြပါစို့။

*Step(10)*


Skin Layer ကို ရွေးပါ။ Layer>New Adjustment Layer>Color Balance ကိုနှိပ်ပါ။ New Layer Box ကျလာရင် skin ကိုရိုက်ထည့်လိုက်ပါ။ Use Previous Layer to Create Clipping Mask ဘေးမှာ အမှန်ခြစ်လိုက်ပါ။




*Step(11)*

Color Balance dialog Box ထဲမှာ ဘယ်လိုအရောင်တွေကို သုံးမှာလဲဆိုတာကို သတ်မှတ်ပေးပါ။ (အကျီကို အစိမ်းရောင်၊ အသားကို အပြာရောင်သတ်မှတ် ပေးချင်တယ်ဆို လည်း မိမိစိတ်ကြိုက်သတ်မှတ်လို့ရပါတယ်)။ ဒီပုံမှာတော့ အောက်ပါ သတ်မှတ်ချက်အတိုင်း သတ်မှတ်ပေးထားပါတယ်။

Shadows: +81,-8, -31
Midtones: +12, -7, -17
Highlights: +8, +4, -9



အသားရောင်ကတော့ အတော်လေး ကြည့်ကောင်းသွားပါပြီ။



*Step(12)*

ပုံကို ခွဲခြားထားတဲ့ အခြား Layer တွေကိုလည်း တစ်ခုစီရွေးပြီး အဆင့်(၁၀)နဲ့ အဆင့်(၁၁)မှာ ပြုလုပ်ခဲ့သလို Color Balance လုပ်သွားမယ်ဆိုရင် Black and White Photo ပုံဟောင်းကြီးဟာ အရောင်အသွေးစုံလင်ပြီး ဆွဲဆောင်မှုရှိတဲ့ Color Photo(RGB) အဖြစ်ပြောင်းလဲသွားတာကို သင်ခံစားလို့ရပါပြီ။




# အရောင်နဲ့ ပုံကို အဖြူအမည်းပုံ အနည်းငယ် ဖြည့်စွက်၍ ဒီဇိုင်းတစ်ခုအဖြစ် ဖန်တီးခြင်း




အရောင်နဲ့ပုံတွေက အဖြူအမည်းပုံတွေထက် အရောင်ဆွဲဆောင်မှုပိုရှိပါတယ်။ အရောင်ရှိတဲ့ပုံကို အဖြူအမည်းအနည်းငယ် ဖြည့်စွက်လိုက်မယ်ဆိုရင်တော့ ဒီဇိုင်းက ပိုကြည့်ကောင်းလာမှာပါ။ ခြေရာလေးတွေကို Overlay ပြောင်းပြီး Opacity လျှော့ချလိုက်တဲ့အခါ ပုံထဲကို စိမ့်ဝင် နစ်မြုပ်သွားတာကို မြင်ကြရမှာပါ။ တတ်ပုံဆိုင်တွေအတွက် အတော်ကိုအဆင်ပြေမယ့် ဒီဇိုင်းဖန်တီးမှု လေ့ကျင့်ခန်းပါ။


Step(1)

File>Open နဲ့ Dog Photo ကိုဖွင့်လိုက်ပါ။ ထို့နောက် Tool Box ထဲက Lasso Tool(L) ကိုယူပြီး ခွေးပုံကို Selection ပေးပြီး Edit>Copy(Ctrl+C) နဲ့ ပွားယူလိုက်ပါ။




Step(2)


File>Open နဲ့ Sofa ပုံကိုဖွင့်လိုက်ပါဦး။



အဆင့်(၁)မှာ ပွားယူထားတဲ့ ခွေးပုံကို Sofa ပုံပေါ်မှာ Edit>Paste(Ctrl+V) နှိပ်လိုက်ပါ။




Edit>Transform>Scale(Ctrl+T) နှိပ်လိုက်ပါ။ Bonding Box ကျလာတဲ့အခါ ခွေးပုံကိုထောင့်ကနေ Drag ဆွဲချုံ့ယူပြီး သေးလိုက်ပါ။



*Step(3)*

ခွေးပုံက နောက်ခံ Sofa Background နဲ့လိုက်ဖက်ညီမှုမရှိသေးလို့ ကြည့်မကောင်းပါဘူး။ Layer>Layer Style>Blending Option ကိုနှိပ်လိုက်ပါ။ Layer Style Box ကျလာတဲ့အခါ Drop Shadow ကိုရွေးပြီး အောက်ဖော်ပြပါပုံအတိုင်း သတ်မှတ်ပါ။




*Step(4)*

ဒီ Layer Style ကို Layer တစ်ခုအနေနဲ့သိမ်းထားမှာဖြစ်တဲ့အတွက် Layer>Layer Style>Create Layer ကိုနှိပ်လိုက်ပါ။ Layer Box ထဲမှာDrop Shadow ပြုလုပ်ထားတဲ့ Layer ဟာ အောက်မှာပေါ်လာပါပြီ။ Tool Box ထဲက Smudge Tool(R) ကို ယူပါ။ အောက်ခြေအရိပ် ထွက်တဲ့နေရာလေးတွေကို ဖိဆွဲပြီး မိမိလိုချင်သလိုပြုပြင်ပါ။




*Step(5)*

Tool Box ထဲက Eraser Tool(E) ကိုယူပါ။ Brush ကိုတော့ အနားဖျာတဲ့ Brush တစ်မျိုးကိုယူပြီး အရိပ်မလိုချင်တဲ့နေရာတွေကို Eraser Tool နဲ့ ပွတ်ဆွဲပြီး ဖျက်ထုတ်လိုက်ပါ။



*Step(6)*

ခွေး Layer ကိုရွေးပြီး Layer>Layer Style>Blending Option ကိုနှိပ်လိုက်ပါ။ Layer Style Box ကျလာတဲ့အခါ Inner Glow ကိုရွေးပြီး သတ်မှတ်ချက်အတိုင်းပြုလုပ်ပါ။ ခွေးပုံ ပြောင်းလဲသွားတာကို တွေ့မြင်ရမှာပါ။



*Step(7)*

ခွေးကို နောက်ခံနဲ့ တစ်သားတည်းဖြစ်အောင် Tool Box ထဲက Burn Tool(O) ကိုရွေးပြီး Brush:50px, Range: Midtones, Exposure:30% သတ်မှတ်ပြီး ခွေးရဲ့ နောက်ကျောကို ပွတ်ဆွဲပေးပါ။



*Step(8)*

ဒီပုံလေးကို စာကြောင်းလေးတွေထပ်ထည့်လိုက်ရင် ပိုပြီးကြည့်ကောင်းသွားမှာပါ။ Tool Box ထဲက Text Tool(T) ကိုရွေးပါ။ Tool Box ထဲက Set foreground color ကို နှိပ်ပြီး (#dcea78) ရိုက်ထည့်ပြီး အစိမ်းရောင်ကိုသတ်မှတ်ပြီး စာရိုက်ပါ။ Font ကိုတော့ မိမိကြိုက်နှစ်သက်ရာကိုရွေးနိုင်ပါတယ်။



*Step(9)*

Layer>Flatten Image ကို နှိပ်ပြီး ပေါင်းလိုက်ပါ။

ထို့နောက် Layer> Duplicate Layer(Ctrl+J) ကိုနှိပ်ပြီး ပေါင်းထားတဲ့ Layer ကိုပွားယူလိုက်ပါ။ Image>Adjustments>Desaturate ကိုနှိပ်ပါ။



*Step(10)*

Layer Box ထဲမှာတော့ အရောင်နဲ့ပုံအပေါ်မှာ အဖြူအမည်းပုံ တစ်ပုံ ထပ်နေတာကိုမြင်ရမှာပါ။ Layer နှစ်ခုကို ရောမှာဖြစ်ပါတယ်။ Tool Box ထဲက Eraser Tool(E) ကိုယူပြီး အနားဖွာတဲ့ Brush နဲ့ အဖြူအမည်း ပုံလုပ်ထားတဲ့ Layer ရဲ့အချို့နေရာတွေပေါ်မှာ ပွတ်ဆွဲပြီး ဖျက်ထုတ်ပစ်လိုက်ပါ။ ဖျက်ထုတ်လိုက်တဲ့နေရာတိုင်းမှာ အောက်ကအရောင်နဲ့ပုံပေါ်လာတာမြင်ရမှာပါ။




*Step(11)*

Tool Box ထဲက Custom Shape Tool(U) ကို ရွေးလိုက်ပါ။ တိရိစ္ဆာန်ခြေရာလေးကို ရွေးပြီးပုံပေါ်ဖိဆွဲပါ။ Ctrl+Enter နှိပ်ပြီး Selete ပေးပါ။


Layer>New> Layer(Shift+Ctrl+N) နှိပ်ပြီး Layer အသစ် ပြုလုပ်ပါ။

Tool Box ထဲက Set foreground color ကို နှိပ်ပြီး အဖြူရောင်ကိုပြောင်းပါ။ ထို့နောက် Alt+Backspace နှိပ်ပြီး တိရိစ္ဆာန်ခြေရာထဲကို အဖြူရောင်ဖြည့်လိုက်ပါ။ တိရိစ္ဆာန်ခြေရာထဲကိုအဖြူလေးကို Ctrl+J နှိပ်ပြီးလိုသလောက် ပွားယူပါ။ ပွားထားတဲ့ခြေရာလေးတွေကို Edit>Transform>Scale နှိပ်ပြီး လိုအပ်သလိုချုံခြင်း၊ ချဲ့ခြင်းပြုလုပ်ပါ။
Edit>Transform>Rotate နှိပ်ပြီး လိုအပ်သလို လှည့်ပါ။



*Step(12)*

Tool Box ခြေရာလေးတွေကို Layer တစ်ခုထဲဖြစ်သွားအောင် Layer Box ထဲတွင် အပေါ်ဆုံးခြေရာ Layer ကနေ အောက်ဆုံးခြေရာ Layer အထိ Ctrl+Click နှိပ်ပြီး Layer Box ထဲတွင် Layer Selete ပြုလုပ်ပါ။ ထို့နောက် Layer>Merge Layers(Ctrl+E) နှိပ်ပြီးပေါင်းလိုက်ပါ။ Layer Box ထဲက Overlay ပြောင်းပြီး Opacity:20 ထားလိုက်ပါ။







# ဖန်ကဲ့သို့ ဖောက်ထွင်းမြင်နိုင်သော Music Shape



ဂီတသင်္ကေတလေးတွေဟာ လူတွေဟာ ဆွဲဆောင်မှုရှိပါတယ်။ အဲဒီ သင်္ကေတလေးတွေကို တစ်ခုနဲ့ တစ်ခု ဖောက်ထွင်းပြီး Microphone ပုံလေးနဲ့ အင်အားဖြည့်ရေးဆွဲသွားမှာပါ။ ဒီလေ့ကျင့်ခန်းလေးကတော့ တမူထူးခြားတဲ့ ဖန်ကဲ့သို့ ဖောက်ထွင်းမြင်နိုင်သော Music Shape Effect တွေကို ပြုလုပ်မှာ ဖြစ်ပါတယ်။


*Step(1)*

File>New(Ctrl+N) နှိပ်ပြီး ဖိုင်အသစ်ခေါ်ပါ။ Height:500pixels, Width:500pixels, Resolution:300, Color Mode: RGB, Background Contents: White နဲ့ ဖိုင်အသစ်ကို ဖန်တီးလိုက်ပါ။



*Step(2)*

Layer>New>Layer From Background ကို နှိပ်ပြီး Background Layer ကို Layer 0 ကိုပြောင်းလိုက်ပါ။ ထို့နောက် Layer>Layer Style>Gradient Overlay ကို နှိပ်၍ အောက်ပါ အတိုင်း သတ်မှတ်ပါ။





*Step(3)*

File>Open(Ctrl+O) နှိပ်ပြီး Microphone ပုံကိုဖွင့်လိုက်ပါ။

Microphone ပုံ ကို Background က ခွဲထုတ်ဖို့ Toll Box ထဲက Polygonal Lasso Tool(L) နဲ့ Selection ပေးလိုက်ပါ။


Selection area ကို Copy ယူဖို့ Ctrl+C ကို နှိပ်ပါ။ ထို့နောက် ပုံအသစ်ခေါ်ထားသော မူလပုံထဲကိုသွားပြီး Ctrl+V နဲ့ Paste လုပ်ပါ။





*Step(4)*

Microphone ပုံကို Background နဲ့ အရောင်တသားတည်းဖြစ်အောင် Layer>Layer Style>Color Overlay ကို နှိပ်၍ အောက်ပါအတိုင်း သတ်မှတ်ပါ။





*Step(5)*

Color Overlay လုပ်အပြီး အရောင်တသားတည်း ဆင်တူသွားတာကို တွေ့ရမှာဖြစ်ပါတယ်။



*Step(6)*


Tool Box ထဲက Custom Shape Tool(U) ကိုနှိပ်ပါ။ အောက်မှာပြထားတဲ့အတိုင်း Music Shpe တစ်ခုကို ရွေးလိုက်ပါ။ Music Shpe ကို ပုံပေါ်တွင် ဖိဆွဲပါ။ ထို့နောက် Edit>Transform>Rotate ကို နှိပ်ပြီးလှည့်ပါ။







*Step(7)*

Layer>Layer Style>Drop Shadow ကိုနှိပ်၍ အောက်ပါအတိုင်းသတ်မှတ်ပါ။





*Step(8)*

Layer>Layer Style>Inner Shadow ကိုနှိပ်၍ အောက်ပါအတိုင်းသတ်မှတ်ပါ။




*Step(9)*

Layer>Layer Style>Outer Glow ကိုနှိပ်၍ အောက်ပါအတိုင်းသတ်မှတ်ပါ။




*Step(10)*

Layer>Layer Style>Inner Glow ကိုနှိပ်၍ အောက်ပါအတိုင်းသတ်မှတ်ပါ။




*Step(11)*

Layer>Layer Style>Bevel and Emboss ကို နှိပ်၍ အောက်ပါအတိုင်း သတ်မှတ်ပါ။





*Step(12)*

Layer>Layer Style>Contour ကိုနှိပ်၍ အောက်ပါအတိုင်းသတ်မှတ်ပါ။




***Step(13)***

Layer>Layer Style>Stain ကို နှိပ်၍ အောက်ပါအတိုင်းသတ်မှတ်ပါ။





***Step(14)***

Layer>Layer Style>Gradient Overlay ကိုနှိပ်၍ အောက်ပါအတိုင်း သတ်မှတ်ပါ။



*Step(15)*

Layer>Layer Style>Stroke ကိုနှိပ်၍ အောက်ပါအတိုင်းသတ်မှတ်ပါ။





အခုလိုပုံကို မြင်တွေ့ရမှာပါ။



***Step(16)***

Layer Style များဖန်တီးထားတဲ့ Music Shape Layer ကိုရွေးပြီး Select>Load Selection ကိုနှိပ်ပါ။ (Load Selection မပေါ်လျှင် Layer Box(F7) ထဲက မိမိပြုလုပ်ချင်တဲ့ Layer အပေါ် Right Click နှိပ်ပြီး Rasterize ကို ပြုလုပ်ပါ။) ထို့နောက် Tool Box ထဲက Gradient Tool(G) ကို ယူပြီး White to transparent gardient နဲ့ Selection area ထဲကို ဖိဆွဲလိုက်ပါ။



***Step(17)***

Select>Deselect(Ctrl+D) နဲ့ Selection ကိုဖြုတ်ပြီး Layer Box(F7) ထဲက Blending Mode ကို Overlay ပြောင်းလိုက်ပါ။



*Step(18)*

Tool Box ထဲက Custom Shape Tool(U) ကိုနှိပ်ပါ။ အောက်မှာပြထားတဲ့အတိုင်း Music Shpe နောက်တစ်ခုကိုရွေးလိုက်ပါ။ Step(6) မှ Step(17) အထိ အဆင့်ဆင့်ပြုလုပ်လိုက်ပါဦး။ မိမိလိုချင်တဲ့ Music Shape တွေကို ပြုလုပ်ပါ။



*Step(19)*

Tool Box ထဲက Crop Tool(C) ကိုယူပြီး မိမိလိုချင်တဲ့အတိုင်းအတာအထိ ပုံပေါ်ဖိဆွဲပြီး Enter နှိပ်ဖြတ်ထုတ်လိုက်ပါ။ ဒါဆိုရင်တော့ Micro Phone တစ်ခုနဲ့ လှပတဲ့ဖန်ကဲ့သို့ဖောက်ထွင်းမြင်နိုင်သော Music Shape များလေးတွေကိုရပြီပေါ့။



# Special Effects

## GRAPHIC DESIGNER များအတွက် Photoshop

